**ထိုင်းနိုင်ငံ - ရိုဟင်ဂျာ ပြည်သူများအား တိုက်ခိုက်နေခြင်းကို အဆုံးသတ်ရန် မြန်မာအား တိုက်တွန်း**

အသစ်ထပ်မံရောက်ရှိလာနိုင်ချေရှိသော ဒုက္ခသည်များကို ထိုင်းနိုင်ငံမှ အကာအကွယ်ပေးရန် ဝန်ကြီးချုပ်Prayutမှထောက်ခံပေးရန် ပေးပို့စာ

(ဘန်ကောက်၊ စက်တင်ဘာလ ၂၆၊ ၂၀၁၇) - မြန်မာနိုင်ငံသားများနှင့် စစ်ခေါင်းဆောင်များအား ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ရိုဟင်ဂျာမူစလင်နိုင်ငံသားများအပေါ် လက်ရှိဆက်လက်ဖြစ်ပေါ်နေသည့်တိုက်ခိုက်မှုများကိုရပ်တန့်ပေးရန် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် Prayut Chan-o-cha အနေဖြင့် တိုက်တွန်းစေ့စပ်သင့်ကြောင်း Fortify Rights မှ ယနေ့ အိတ်ဖွင့်ပေးစာဖြင့် ဝန်ကြီးချုပ်အားပြောကြားခဲ့ပါသည်။ ထို့အပြင် ထိုင်းနိုင်ငံအနေဖြင့် ဒုက္ခသည်များကို အပြည်ပြည်ဆိုင်ရာဥပဒေဖြင့် တိုက်ရိုက် ကူညီထောက်ပံ့ပေးရန် တိုက်တွန်းနိုးဆော်လိုက်ပါသည်။

"မြန်မာနိုင်ငံကလာတဲ့ ဒုက္ခသည်တွေကို အချိန်ကြာမြင့်စွာလက်ခံခဲ့တဲ့ အိမ်ရှင်အနေနဲ့ ထိုင်းနိုင်ငံဟာ မြန်မာနိုင်ငံတွင်းက နိုင်ငံသားတွေကို စစ်တပ်ကအသစ်ဖန်တီးပြီး တိုက်ခိုက်နေတာတွေနှင့် နိုင်ငံတွင်း ဖြစ်လာနိုင်ချေရှိတဲ့အကျိုးသက်ရောက်မှုတွေ အပေါ်စိုးရိမ်ပူပန်သင့်တယ်"ဟု Fortify Rights ၏ Executive Director ဖြစ်သူ Amy Smith ကပြောခဲ့ပါသည်။ "ဝန်ကြီးချုပ် Prayut အနေနဲ့ ကိုယ့်အိမ်ဘေးမှာ ဖြစ်နေတဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ပြစ်မှုတွေ ကျူးလွန်နေတဲ့ အပေါ် ဖွင့်ဟထုတ် ဖော်ပြောဖို့ လိုအပ်နေပါပြီ။"

အစိုးရအရာရှိ ၁၂ဦးအား ရိုဟင်ဂျာ စစ်သွေးကြွများမှ ဩဂုတ်လ ၂၅ ရက် ၂၀၁၇ တွင်သတ်ဖြတ်ခဲ့ခြင်းကြောင့် လက်နက်ကိုင်ပြည်သူများအထောက်အပံ့ပေးသော မြန်မာစစ်တပ်မှထိုအကြောင်းအရာကိုအစပြုကာအကြမ်းဖက်တိုက်ခိုက် မှုများကို မြန်မာပြည်ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ရိုဟင်ဂျာရွာများတလျှောက်တွင် ပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံ ပြည်နယ် လုံခြုံရေး လက်နက်ကိုင်တပ်ဖွဲ့များမှ သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မပြုကျင့်ခြင်းနှင့် ပြည်သူများကို နှိပ်စက်ညှင်းပန်းခြင်းများနှင့် ရွာလုံးကျွတ်ပျက်ဆီးခြင်းတို့က ရိုဟင်ဂျာ၄၀၀၀၀၀သိန်းကျော်ကို အတင်းအကျပ် နိုင်ငံတွင်းမှ ထွက်ပြေးရန် တွန်းအား ပေးသကဲ့သို့ ဖြစ်စေ ခဲ့ပါသည်။

Prayut မှ ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းအရေးကိစ္စကို ကြားနေမှုပုံစံမဟုတ်သောနည်းလမ်းဖြင့်သာ ချဉ်းကပ် သွားမည်ဖြစ်ကြောင်း ဩဂုတ်လ၃၀ရက်နေ့ တွင်ပြုလုပ်ခဲ့သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင် နှင့် တွေ့ ဆုံ ခဲ့သောအစည်းအဝေးတွင် အတည်ပြုပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံတွင်းသို့ အသစ်ထပ်မံစီးဆင်းဝင်ရောက်လာနိုင်ချေရှိသော ဒုက္ခသည်များကို အခြေခံ၍ ထိုင်းနိုင်ငံကာကွယ်ရေး ဝန်ကြီး Prawit Wongsuwan မှ ရိုဟင်ဂျာ "တွေဟာထိုင်းနိုင်ငံထဲကို သင်္ဘောတွေနဲ့ ဝင်ရောက်လာနိုင်ဖို့ မဖြစ်နိုင်ဘူး"ဟု အကြံပြုခဲ့ပါသည်။ နိုင်ငံတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းသည့် ဒုက္ခသည်များကို နိုင်ငံတွင်း လုံခြုံရေးအတွက် စစ်ဆင်ရေး ဖြင့်ကွပ်ကဲအုပ်ချုပ်မည့် (ISOC)နှင့် မကြာမြင့်မှီအချိန်အတွင်းမှ အထူးသတ်မှတ်ခန့်အပ်ထားသည့် ရေတပ်သည် ပြုလုပ်မည်ဟု ဂတိပြုထားသည့် "အနောက်သို့ ပြန်လည်တွန်းပို့"သည့် မူဝါဒဖြင့် ကြားနေကာ ဒုက္ခသည်များထိုင်းနိုင်ငံတွင်း ဝင် ရောက်ခြင်း နှင့် အခြေချနေထိုင်ခြင်းကို တားမြစ်သွားမည်ဖြစ်ပါသည်။

ISOC ၏ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး Peerawat Saengthong မှ အင်္ဂလိပ်သတင်းဌာန Khaosod အား "အကယ်၍ (ရိုဟင်ဂျာ) တွေကို ကမ်းခြေပေါ်မှာ ရှာဖွေတွေ့ ရှိခဲ့ရင် ကျွန်တော်တို့ သူတို့ ကို ဖမ်းဆီးမယ်"

ထိုင်းနိုင်ငံ၏ "ကူညီမှု" သို့ မဟုတ် "အနောက်သို့ ပြန်လည်တွန်းပို့"သည့် မူဝါဒပေါ်လစီက ဒုက္ခသည်များနှင့် လူကုန်ကူးခံရခြင်းမှလွတ်မြောက်လာသူများအပါအဝင် ရွှေ့ပြောင်းနေထိုင်သူများ ပါလာသည့် စက်ကိရိယာချို့ယွင်းနေသောလှေများကို အစားအသောက်အနည်းငယ်နှင့် ရေပေးကာပင်လယ်ထဲသို့ ပြန်လည်တွန်းထုတ်ခြင်းဖြင့် ဒုက္ခသည်ကပ်

ဆိုက်ရောက်နေသည့်အချိန်အတွင်း ထောင်ပေါင်းများစွာသောဘဝများကို အန္တရာယ်ရှိသောအခြေအနေသို့ ကျရောက်စေခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေအောက်တွင်လုပ်ဆောင်သည့်ကျင့်ဝတ်များအရ မည်သည့်တိုင်းပြည်မဆိုမိမိတို့၏ ပိုင်နက်(သို့ ) တရားစီရင်ပိုင်ခွင့်အောက်တွင်မည်သူတဦးတယောက်ကိုမျှနှိပ်စက်ညှင်းပန်းခြင်းနှင့်အန္တရာယ်များတွေ့ကြုံရမည့်တိုင်းပြည်သို့အတင်းအကျပ်ပြန်လည်ပို့ ခြင်းမပြုလုပ်ရန်တားမြစ်သည့်ဥပဒေထားရှိထားပါသည်။ ထိုင်းနိုင်ငံ၏ "အနောက်သို့ပြန်လည်တွန်းပို့ သည့်" မူဝါဒပေါ်လစီကထိုဥပဒေသကိုချိုးဖောက်နေပါသည်။ ထိုအပြင် လွတ်လပ်စွာနေထိုင်ခွင့်ကိုလည်း အပြည်ပြည်ဆိုင်ရာဥပဒေ၏ အကာအကွယ်ပေးသည့်ဥပဒေပြဋ္ဌာန်းချက်ဇအရ ထိုင်းနိုင်ငံသည်ကုလသမဂ္ဂ၏ပြည်သူနှင့်နိုင်ငံ ရေး အခွင့်အရေးသဘောတူညီမှု (ICCPR)၏ အဖွဲ့ဝင်ဖြစ်ပါသည်။ ထိုအခွင့်အရေးသည် ချွင်းချက်အခြေအနေမျိုးတွင် အဖမ်းဆီးခံရသည့်ရွှေ့ ပြောင်းလုပ်သားများကိုသာ အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အညီ ကိုင်တွယ်ပေးရန်အကျုံးဝင်ပါသည်။

ထိုပေးစာထဲတွင် Prayut အား Fortify Rights မှ ထိုင်းနိုင်ငံအနေဖြင့် နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများ၏အခွင့်အရေးများကိုကာကွယ်ပေးရန်နှင့် ညှင်းပန်းနှိပ်စက်ခြင်းအန္တရာယ်နှင့်တွေ့ကြုံရမည့် ဒုက္ခသည်များကို အတင်းအကျပ်ပြန်နိုင်းခြင်းကိုတားမြစ်ရန် တောင်းဆိုလိုက်ပါသည်။ ထို့ အပြင်Fortify Rightsမှ ထိုင်းနိုင်ငံအား ဒုက္ခသည်များအပါအဝင် ရွှေ့ ပြောင်းလုပ်သားများအား တဖက်သက်ဆန်စွာနှင့် အကန့် အသတ်မရှိ ဖမ်းဆီးချုပ်နှောင်ထားများကို အဆုံးသတ်ရန်တောင်းဆိုခဲ့ပါသည်။

"ထိုင်းနိုင်ငံအနေနဲ့ ချီးမွမ်းခံရတဲ့ အဆင့်မှာရပ်နေရမယ့်အချိန်မဟုတ်ဘူး။ မြန်မာနိုင်ငံရဲ့ ရိုဟင်ဂျာတွေအပေါ်တိုက်ခိုက်နေတာတွေက တပြည်လုံးကို ထိခိုက်နိုင်သလို ထိုင်းနိုင်ငံလည်းပါနိုင်တယ်"ဟု Amy Smith မှပြောခဲ့ပါသည်။ "ထိုင်းနိုင်ငံ ခေါင်းဆောင်တွေက မြန်မာပြည်က အကြမ်းဖက်မှုတွေကို ရပ်နိုင်းဖို့ လုပ်သင့်တယ် ပြီးတော့ အဲ့ဒီတိုက်ခိုက်မှုတွေကနေ ပြေးလာတဲ့ ဒုက္ခသည်တွေကိုအကာအကွယ်တွေထောက်ပံ့ပေးသင့်တယ်"